# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

August 11 , 2023 Volume 69, Number 8

၁၁.၈.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၁၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၀၉.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၆.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၉.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၀.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၃၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၆၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၆၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၇.၈၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၉၁၄ ကျပ် |

Source: CBM Rate, etrademyanmar.com

## ဩဂုတ်လ ၁၁ ရက်မှစ၍ ဧည့်မထ တစ်ပြည် ၂၅၀၀ ကျပ်၊ ရေှာဝတီပေါ်ဆန်းတစ်ပြည် ၄၀၀၀ ကျပ်၊ စားအုန်းဆီတစ်ပိဿာ ၄၄၀၀ ကျပ်ဖြင့် လူတစ်ဦးလျှင် ဆန်ငါးပြည် ဆီတစ်ပိဿာ ပြည်သူ့ရင်ပြင်တွင် ရောင်းချပေးမည်

ဩဂုတ် ၁၁ ရက်ကစ၍ ဧည့်မထ တစ်ပြည် ၂၅၀၀ ကျပ်၊ ရေှာဝတီပေါ်ဆန်း တစ်ပြည် ၄၀၀၀ ကျပ်၊ စားအုန်းဆီ တစ်ပိဿာ ၄၄၀၀ ကျပ်ဖြင့် လူတစ်ဦးလျှင် ဆန်ငါးပြည်၊ ဆီတစ်ပိဿာ ပြည်သူ့ရင်ပြင်တွင် ရောင်းချပေးမည် ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဩဂုတ် ၁၀ ရက်တွင် ထုတ်ပြန်သည်။

ဒဂုံမြို့နယ်၊ ပြည်သူ့ရင်ပြင်တွင် ဩဂုတ် ၁၁ ရက် နံနက် (၉) နာရီက စတင်ပြီး ဧည့်မထ တစ်ပြည် (၂၅၀၀) ကျပ်နှုန်း၊ ရေှာဝတီပေါ်ဆန်း တစ်ပြည် (၄၀၀၀) ကျပ်နှုန်း၊ စားအုန်းဆီ တစ်ပိဿာ ထည့်စရာဘူးပါလျှင် (၄၄၀၀) ကျပ်နှုန်း၊ ထည့်စရာဘူးမပါလျှင် (၅၄၀၀) ကျပ်နှုန်းဖြင့် လူတစ်ဦးလျှင် ဆန် (၅) ပြည်၊ ဆီ (၁) ပိဿာနှုန်းဖြင့် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ရောင်းချရာတွင် တစ်ရက်လျှင် ဆန်အကန့်အသတ်မရှိ ပမာဏနှင့် ဆီပိဿာချိန် တစ်ထောင် ရောင်းချပေးမည်ဖြစ်ပြီး မည်သူမဆို လွတ်လပ်စွာ လာရောက်ဝယ်ယူနိုင်ကြောင်းသိရသည်။

ထို့ပြင် ဆန်ဈေးနှုန်း တည်ငြိမ်စေရန် ပြည်တွင်းစားသုံးမှုများသည့်ဆန်များကို ဩဂုတ်လ ၇ ကစတင်၍ ရန်ကုန်မြို့ ဝါးတန်းဆိပ်ကမ်းရှိ ဆန်စပါးကုန်စည်ဒိုင်၊ ဘုရင့်နောင်ပွဲရုံရှိ ဆန်စပါးကုန်စည်ဒိုင်များတွင် ဈေးလျှော့ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဝါးတန်းဆိပ်ကမ်းရှိ ဆန်စပါးကုန်စည်ဒိုင်၊ ဘုရင့်နောင်ပွဲရုံရှိ ဆန်စပါးကုန်စည်ဒိုင် များတွင် ရောင်းချပေးနေသည့် ဆန်ဈေးနှုန်းများအနေဖြင့် ရွှေဘိုပေါ်ဆန်းမွှေးများ (၁၀၈) ပေါင် တစ်အိတ် ကျပ် ၁၁၀,၀၀၀ မှ ကျပ် ၁၂၀,၀၀၀ ကြား၊ ရေှာဝတီ ပေါ်ဆန်းမွှေးဆန်များ (၁၀၈) ပေါင် တစ်အိတ် ကျပ် ၉၄,၀၀၀ မှ ကျပ် ၉၇,၀၀၀ ကြား၊ ဧည့်မထ (၁၀ %) (၁၀၈) ပေါင် တစ်အိတ် ကျပ် ၆၅,၀၀၀၊ ဧည့်မထ (၂၅%) (၁၀၈) ပေါင် တစ်အိတ် ကျပ် ၆၀,၀၀၀ ဖြင့် ရောင်းချပေးလျက်ရှိကြောင်းသိရသည်။

ဆက်လက်၍ ဩဂုတ်လအတွင်း ဆန်မျိုးစုံအိတ်ရေ ၁၇၀၀၀၀ ကို သက်သာသော ဈေးဖြင့် ဈေးကွက်အတွင်း ထုတ်ရောင်းမည်ဖြစ်ပြီး မြို့နယ်များအလိုက်တွင်လည်း ရောင်းချနိုင်ရန် ပြင်ဆင်နေကြောင်း မြန်မာနိုင်ငံဆန်းစပါးအသင်းချုပ်၏ ဩဂုတ် ၇ ရက်ထုတ်ပြန်မှုအရ သိရသည်။

https://news-eleven.com/article/251956

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဇူလိုင် ၂၈ ရက်အထိ ပင်လယ်ရေကြောင်းနှင့်နယ်စပ်မှတစ်ဆင့် ပြည်ပသို့ ပဲမျိုးစုံ ၅၅၁၈၀၂ တန်ကျော်တင်ပို့မှုမှ ဒေါ်လာ ၄၃၉ ဒသမ ၄၆၉ သန်းရရှိ

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဇူလိုင် ၂၈ ရက်အထိ ပင်လယ်ရေကြောင်းနှင့်နယ်စပ်မှတစ်ဆင့် ပြည်ပသို့ပဲမျိုးစုံ ၅၅၁၈၀၂ တန်ကျော်တင်ပို့မှုမှ ဒေါ်လာ ၄၃၉ ဒသမ ၄၆၉ သန်းရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇူလိုင် ၂၈ ရက်အထိ ပင်လယ်ရေကြောင်းမှ ၄၆၂၈၉၄ ဒသမ ၉၇၁ တန် တင်ပို့မှုမှ ဒေါ်လာ ၃၆၂ ဒသမ ၃၉၀ သန်း၊ နယ်စပ်မှ ၈၈၉၀၇ ဒသမ ၉၉၄ တန် တင်ပို့မှုမှ ဒေါ်လာ ၇၇ ဒသမ ၀၇၉ သန်းဖြင့် စုစုပေါင်းတန်ချိန် ၅၅၁၈၀၂ ဒသမ ၉၆၅ တန် တင်ပို့မှုမှ ဒေါ်လာ ၄၃၉ ဒသမ ၄၆၉ သန်းရရှိခဲ့ခြင်းဖြစ်သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာမှ စက်တင်ဘာလကုန်အထိ ပင်လယ်ရေကြောင်းနှင့်နယ်စပ်မှတစ်ဆင့် ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုမှ ဒေါ်လာသန်း ၁၅၇၀ ကျော်ရရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ကထက် ဒေါ်လာ ၃၇၄ သန်းကျော် ပိုမိုရရှိခဲ့ကြောင်း သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာမှ စက်တင်ဘာလကုန်အထိ ပြည်ပသို့ပဲမျိုးစုံတင်ပို့မှုအနေဖြင့် ပင်လယ်ရေကြောင်းမှ ဒေါ်လာ ၉၆၆ ဒသမ ၄၀၇ သန်း၊ နယ်စပ်မှ ဒေါ်လာ ၆၀၄ ဒသမ ၃၀၀ သန်းဖြင့် စုစုပေါင်း ဒေါ်လာ ၁၅၇၀ ဒသမ ၇၀၇ သန်းရရှိခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၆ သန်းကျော်တင်ပို့မှုမှ ဒေါ်လာ ၁ ဒသမ ၂ ဘီလျံနီးပါး ရရှိထားပြီး ယခင်နှစ်ထက် တင်ပို့မှုတန်ချိန်နှစ်သောင်း သုံးထောင်ကျော် လျော့ကျခဲ့သော်လည်း ဝင်ငွေ ဒေါ်လာသန်း ၁၉၀၀ နီးပါးအထိ ပိုမိုရရှိခဲ့သည်။ တစ်နှစ်အတွင်း နယ်စပ်မှတစ်ဆင့် ပြည်ပသို့ ပဲအမျိုးမျိုးတင်ပို့မှုမှ ဒေါ်လာ သန်း ၃၀၀ နီးပါးရရှိခဲ့ပြီး ပဲတီစိမ်းတင်ပို့မှုမှ ဒေါ်လာ ၁၈၈ သန်းကျော်ဖြင့် အများဆုံးဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် နယ်စပ်မှတစ်ဆင့် ပြည်ပသို့ ပဲအမျိုးမျိုးတင်ပို့ရာ၌ မတ်ပဲတင်ပို့မှုမှ ဒေါ်လာ ၀ ဒသမ ၅၈ သန်း၊ ပဲတီစိမ်းတင်ပို့မှုမှ ဒေါ်လာ ၁၈၈ ဒသမ ၆၇ သန်း၊ ပဲစင်းငုံတင်ပို့မှုမှ ဒေါ်လာ ၀ ဒသမ ၂၉ သန်း၊ ကုလားပဲတင်ပို့မှုမှ ဒေါ်လာ ၀ ဒသမ ၃၇ သန်း၊ ပဲလွန်းတင်ပို့မှုမှ ဒေါ်လာ ၉ ဒသမ ၀၈ သန်း၊ ထောပတ်ပဲတင်ပို့မှုမှ ဒေါ်လာ ၂၀ ဒသမ ၉၈ သန်း၊ မြေထောက်ပဲမှ ဒေါ်လာ ၁၄ ဒသမ ၁၉ သန်း၊ အခြားပဲများ တင်ပို့မှုမှ ဒေါ်လာ ၆၄ ဒသမ ၅၅ သန်းရရှိခဲ့သည်။

တစ်နှစ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှတဆင့်ပြည်ပသို့ ပဲအမျိုးမျိုးတင်ပို့မှုမှ ဒေါ်လာသန်း ၇၇၀ ကျော်ရရှိခဲ့ပြီး မတ်ပဲတင်ပို့မှုမှ ဒေါ်လာ ၄၃၆ သန်းကျော်နှင့် ပဲတီစိမ်းတင်ပို့မှုမှ ဒေါ်လာ ၂၂၄ သန်းကျော်ရရှိခဲ့ခြင်းဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းမှထွက်ရှိသည့် ပဲမျိုးစုံများအနက် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံစသည့် ပဲအမျိုးအစားသုံးခုကို ပြည်ပသို့ အများဆုံးတင်ပို့နေခြင်းဖြစ်သည်။ ယင်းအနက် မတ်ပဲနှင့်ပဲစင်းငုံကို အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့နေခြင်းဖြစ်ပြီး ပဲတီစိမ်းကို တရုတ်နှင့်ဥရောပနိုင်ငံတချို့သို့ အဓိကတင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်ပဲမျိုးစုံ စိုက်ဧက ၁၁ သန်းကျော်ရှိပြီး မတ်ပဲနှင့်ပဲစင်းငုံစိုက်ပျိုးမှု ၃၅ ရာခိုင်နှုန်းကျော်ရှိသည်။

မြန်မာနိုင်ငံတွင် ပဲမျိုးစုံ ၁၈ မျိုးအား နှစ်စဉ်စိုက်ဧက စုစုပေါင်း ၁၁ ဒသမ ၄၅ သန်းခန့် စိုက်ပျိုးလျက်ရှိရာ ပဲတီစိမ်း ၂၆ ရာခိုင်နှုန်း၊ မတ်ပဲ ၂၅ ရာခိုင်နှုန်း၊ ပဲစင်းငုံ ၁၅ ရာခိုင်နှုန်း ကုလားပဲ ရှစ်ရာခိုင်နှုန်း စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

**Source:** https://news-eleven.com/article/251974

## တစ်လအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဒေါ်လာ ၃၄ သန်းကျော်တန်ဖိုးရှိ ဆေးဝါးပစ္စည်း တန်ချိန် ၁၉၀၀ ခန့်တင်သွင်း

တစ်လအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဒေါ်လာ ၃၄ သန်းကျော်တန်ဖိုးရှိ ဆေးဝါးပစ္စည်းတန်ချိန် ၁၉၀၀ ခန့် တင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ဇွန် ၁ ရက်မှ ၃၀ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဒေါ်လာ ၃၄ ဒသမ ၇၄၁ သန်းတန်ဖိုးရှိ ဆေးဝါးပစ္စည်းများ တန်ချိန် ၁၉၀၀ ခန့် တင်သွင်းခဲ့သည်။ ယခုတစ်ပတ်တွင် အာဂျင်တီးနားနိုင်ငံ၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဆိုက်ပရပ်စ်နိုင်ငံ၊ အီကွေဒေါနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိုင်ယာလန်နိုင်ငံ၊ အီတလီနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ စပိန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ပေါ်တူဂီနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့်ဗီယက်နမ်နိုင်ငံတို့မှ တင်သွင်းခဲ့ကြောင်းသိရသည်။ အနီးစပ်ဆုံးကာလနှင့်နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ ဆေးဝါးပစ္စည်းများ တန်ချိန် ၁၂၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချော၊ အခြားကုန်ပစ္စည်းများကို တင်ပို့လျက်ရှိသည်။

ပြည်ပနိုင်ငံများသို့ ရင်းနှီးမြှုပ်နှံမှုပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ CMP ကုန်ကြမ်းစသည်တို့ကို အဓိကတင်သွင်းနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံမှ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာကို အကောင်အထည်ဖော်နေပြီး အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ၏ အဓိကဦးစားပေးကဏ္ဍများတွင် လယ်ယာထွက်ကုန်ပစ္စည်း အခြေခံစားသောက်ကုန်ထုတ်လုပ်ခြင်းကဏ္ဍ၊ အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍ၊ စက်မှုနှင့်လျှပ်စစ်ပစ္စည်းကဏ္ဍ၊ ရေထွက်ကုန်လုပ်ငန်းကဏ္ဍ၊ သစ်တောထွက်ပစ္စည်းကဏ္ဍ၊ ဒစ်ဂျစ်တယ်ထုတ်ကုန်များနှင့် ဝန်ဆောင်မှုကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုကဏ္ဍ၊ အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ၊ ကုန်သွယ်မှုသတင်းအချက်အလက်ဝန်ဆောင်မှုကဏ္ဍ၊ တီထွင်ဆန်းသစ်မှုနှင့်စွန့်ဦးတီထွင်ဆောင်ရွက်ခြင်းကဏ္ဍ စသည်တို့ပါဝင်ကြောင်း သိရသည်။

နှစ်အလိုက် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပို့ကုန်ဒေါ်လာ ၈၉၇၇ ဒသမ ၀၁၅ သန်း၊ သွင်းကုန်ဒေါ်လာ ၉၀၆၈ ဒသမ ၉၁၄ သန်း ဖြင့် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၈၀၄၅ ဒသမ ၉၂၉ သန်းရရှိခဲ့သည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာမှ စက်တင်ဘာလကုန်အထိ မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုတွင် ပို့ကုန်ဒေါ်လာ ၁၄၉၂၇ ဒသမ ၀၆၅ သန်း၊ သွင်းကုန်ဒေါ်လာ ၁၄၆၅၈ ဒသမ ၀၈၄ သန်းဖြင့် ကုန်သွယ်မှု ပမာဏဒေါ်လာ ၂၉၅၈၅ ဒသမ ၁၄၉ သန်း (၂၉ ဒသမ ၅၈၅ ဘီလျံ) ရရှိခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာမှ စက်တင်ဘာလအထိ ပို့ကုန်ဒေါ်လာ ၁၇၆၈၁ ဒသမ ၀၈၇ သန်း၊ သွင်းကုန်ဒေါ်လာ ၁၉၀၅၀ ဒသမ ၈၅၅ သန်းဖြင့် ကုန်သွယ်မှု ဒေါ်လာ ၃၆၇၃၁ ဒသမ ၉၄၂ သန်းရရှိခဲ့သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပို့ကုန်ဒေါ်လာ ၁၇၀၆၀ ဒသမ ၄၁၅ သန်း၊ သွင်းကုန်ဒေါ်လာ ၁၈၀၈၆ ဒသမ ၅၉၇ သန်းဖြင့် ကုန်သွယ်မှုပမာဏဒေါ်လာ ၃၅၁၄၇ ဒသမ ၀၁၂ သန်းရရှိခဲ့သည်။

**Source:** https://news-eleven.com/article/251973

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် သုံးလအတွင်း ပြည်ပသို့ သစ်တောထွက်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ ၁၉ သန်းနီးပါးရရှိခဲ့ပြီး ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဒေါ်လာ ၁၈ သန်းကျော်တင်ပို့

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် သုံးလအတွင်း ပြည်ပသို့ သစ်တောထွက်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ ၁၉ သန်းနီးပါးရရှိခဲ့ပြီး ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဒေါ်လာ ၁၈ သန်း ကျော်တင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇွန်လကုန်အထိ ပြည်ပသို့ သစ်တောထွက်ပစ္စည်းတင်ပို့မှုသည် ဒေါ်လာ ၁၈ ဒသမ ၆၂၃ သန်းရရှိခဲ့သည်။ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဒေါ်လာ ၁၈ ဒသမ ၁၂၁ သန်း တင်ပို့ထားပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ဒေါ်လာ ၀ ဒသမ ၅၀၂ သန်းဖြင့် ဒေါ်လာ ၁၈ ဒသမ ၆၂၃ သန်းရရှိခဲ့ခြင်းဖြစ်သည်။

နှစ်အလိုက် ပြည်ပသို့ သစ်တောထွက်ပစ္စည်း တင်ပို့မှုအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၁၇၄ ဒသမ ၇၈၄ သန်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၁၅၄ ဒသမ ၀၆၆ သန်း၊၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၁၂၈ ဒသမ ၀၇၂ သန်း၊ ၂၀၂၁-၂၀၂၂ Mini Budget ကာလအတွင်း ဒေါ်လာ ၈၃ ဒသမ ၉၀၁ သန်း ရရှိခဲ့သည်။

နှစ်အလိုက် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပို့ကုန်ဒေါ်လာ ၈၉၇၇ ဒသမ ၀၁၅ သန်း၊ သွင်းကုန်ဒေါ်လာ ၉၀၆၈ ဒသမ ၉၁၄ သန်းဖြင့် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၈၀၄၅ ဒသမ ၉၂၉ သန်းရရှိခဲ့သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပို့ကုန်ဒေါ်လာ ၁၁၁၃၆ ဒသမ ၈၇၈ သန်း၊ သွင်းကုန်ဒေါ်လာ ၁၆၅၇၇ ဒသမ ၉၄၈ သန်းဖြင့် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၂၇၇၁၄ ဒသမ ၈၂၆ သန်းရရှိခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပို့ကုန်ဒေါ်လာ ၁၁၉၉၈ ဒသမ ၅၄၅ သန်း၊ သွင်းကုန်ဒေါ်လာ ၁၇၂၁၁ ဒသမ ၀၆၂ သန်းဖြင့် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၂၉၂၀၉ ဒသမ ၆၀၇ သန်းရရှိခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပို့ကုန်ဒေါ်လာ ၁၄၈၈၃ ဒသမ ၁၆၀ သန်း၊ သွင်းကုန်ဒေါ်လာ ၁၈၆၉၄ ဒသမ ၈၉၂ သန်းဖြင့် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၃၃၅၇၈ ဒသမ ၀၅၂ သန်းရရှိခဲ့သည်။

၂၀၁၈ ခုနှစ် Mini Budget တွင် ပို့ကုန်ဒေါ်လာ ၈၈၆၁ ဒသမ ၀၃၂ သန်း၊ သွင်းကုန်ဒေါ်လာ ၉၈၆၇ ဒသမ ၇၈၃ သန်းဖြင့် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၈၇၂၈ ဒသမ ၈၁၅ သန်းရရှိခဲ့သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပို့ကုန်ဒေါ်လာ ၁၇၀၆၀ ဒသမ ၄၁၅ သန်း၊ သွင်းကုန်ဒေါ်လာ ၁၈၀၈၆ ဒသမ ၅၉၇ သန်းဖြင့် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၃၅၁၄၇ ဒသမ ၀၁၂ သန်းရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**Source:** https://news-eleven.com/article/251972

## ထိုင်းသကြားကို ဗီယက်နမ်မှ ဒဏ်ကြေးသတ်မှတ်




ဗီယက်နမ်သည် ထိုင်းနိုင်ငံ၏ အကြီးဆုံးသကြားထုတ်လုပ်သူအချို့ထံမှ တင်သွင်းသော သကြားထုတ်ကုန်များအပေါ် ဈေးချပြီး စုပုံတင်ပို့သည့်အတွက် ဒဏ်ကြေးအဖြစ် anti-dumping tax များ ချမှတ်ခဲ့ကြောင်း ဗီယက်နမ် ကုန်သွယ်ရေးဝန်ကြီးဌာနက အင်္ဂါနေ့(ဩဂုတ် ၈)တွင် ပြောကြားခဲ့သည်။

တရားမျှတစွာ ယှဉ်ပြိုင်မှုကို ဆန့်ကျင်သည့် လုပ်ဆောင်ချက်များရှိနေကြောင်း စွပ်စွဲချက်များကို ဂရုတစိုက်ဖြင့် တရားမျှတမှုရှိသော စုံစမ်းစစ်ဆေးမှုအပြီးမှာ ယခုလိုဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ပါသည်။ ဒဏ်ကြေးအခွန်များကို ၂၀၂၃ ဩဂုတ် ၁၈ ရက်မှ ၂၀၂၆ ခုနှစ် ဇွန်လ ၁၅ ရက်အထိ ချမှတ်မည်ဖြစ်သည်။

ဒဏ်ကြေးအဖြစ် အခွန် ၃၂.၇၅ ရာခိုင်နှုန်းကို အာရှ၏ အကြီးဆုံးသကြားနှင့် ဇီဝစွမ်းအင်ထုတ်လုပ်သူ Mitr Phol Sugar နှင့် ဆက်စပ်ကုမ္ပဏီလေးခုကို စည်းကြပ်မည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားခဲ့သည်။ Thai Roong Ruang Industry နှင့် ၎င်း၏လုပ်ငန်းခွဲငါးခုတို့ကို ဒဏ်ကြေးအခွန် ၂၅.၇၃% စည်းကြပ်မည် ဖြစ်သည်။

ယမန်နှစ်တွင် ဟနွိုင်းသည် အရှေ့တောင်အာရှငါးနိုင်ငံမှ တင်သွင်းသော သကြားထွက်ကုန်အချို့အပေါ် anti-dumping tax ၄၇.၆၄% ချမှတ်ခဲ့သည်။ ထိုင်းသကြားကို anti-dumping tax ၄ နှစ် ပြဋ္ဌာန်းထားသဖြင့် ထိုင်းကုန်သည်တို့က မြန်မာ အပါအဝင် အခြားအာဆီယံနိုင်ငံများသို့တင်ပို့ပြီး ၎င်းနိုင်ငံများမှ ထုတ်လုပ်သည့် သကြားများအဖြစ် မူရင်းနိုင်ငံဖုံးကွယ်ပြီး ဗီယက်နမ်သို့ တင်ပို့နေသဖြင့် ၎င်းအာဆီယံနိုင်ငံများကိုပါ anti-dumping tax စည်းကြပ်သည့်စာရင်းထဲ ထည့်သွင်းခဲ့ခြင်း ဖြစ်သည်။ သို့ဖြစ်ရာ မြန်မာသကြားစစ်စစ်ဖြစ်ကြောင်း အထောက်အထားခိုင်လုံပါက ဒဏ်ကြေးအခွန်စည်းကြပ်ခြင်းမပြုချေ။

**Source: bangkokpost**

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/6641-sugar.html

## နီပေါနိုင်ငံမှခရမ်းချဉ်သီးများကို အိန္ဒိယနိုင်ငံ စတင်ဝယ်ယူတင်သွင်း

ပြည်တွင်းခရမ်းချဉ်သီးဈေးများ စံချိန်တင်မြင့်တက်လာမှုကြောင့် နီပေါနိုင်ငံမှခရမ်းချဉ်သီးများကို အိန္ဒိယနိုင်ငံက စတင်ဝယ်ယူတင်သွင်းနေပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့ (ဩဂုတ်လ ၁၀) ရက်နေ့တွင် ဖော်ပြခဲ့သည်။ ဝယ်ယူ

တင်သွင်းထားသည့် ပထမဆုံးအကြိမ် ခရမ်းချဉ်သီးများသည် ဩဂုတ်လ ၁၁ ရက်တွင် ဗာရာဏသီ၊ လပ်ခ်နောက်နှင့် ကန်ပူရ်မြို့များသို့ ရောက်ရှိလာနိုင်ဖွယ်ရှိကြောင်း အိန္ဒိယနိုင်ငံဘဏ္ဍာရေးဝန်ကြီးက လွှတ်တော်၌အသိပေးပြောကြားခဲ့သည်။

ပြီးခဲ့သည့်သုံးလအတွင်း အိန္ဒိယပြည်တွင် လက်ကားဈေးကွက်၌ ခရမ်းချဉ်သီးဈေးနှုန်း စံချိန်တင်မြင့်တက်လာခဲ့ပြီး တစ်ကီလိုလျှင် ရူပီး ၁၄၀ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၉) ထိရောက်ရှိလာခဲ့သည်။ အိန္ဒိယနိုင်ငံ ပြည်တွင်းလက်ကားဈေးကွက်၌ ပြီးခဲ့သည့်သုံးလအတွင်း ခရမ်းချဉ်သီးဈေးနှုန်းမှာ ရာခိုင်နှုန်း ၁၄၀၀ ကျော် မြင့်တက်ခဲ့ခြင်းဖြစ်သည်။ မိုးမကောင်းမှု၊ အပူချိန်မြင့်တက်မှုနှင့် အပင်ပိုးကျမှုပြဿနာများကြောင့် ခရမ်းချဉ်သီးထွက်နှုန်းကျလာပြီး ဈေးနှုန်းမြင့်တက်ခဲ့ရခြင်းဖြစ်ကြောင်း အိန္ဒိယနိုင်ငံလယ်သမားများ၏အဆိုအရ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ပို့ကုန်နှင့်စပ်လျဉ်း၍ အစိုးရ၏အကူအညီကို ပို့ကုန်လုပ်ငန်းရှင်များ စောင့်ကြည့်လျက်ရှိ

ထိုင်းနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံများ၏ စီးပွားရေးနှေးကွေးနေမှုနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးမတည်ငြိမ်မှုများဖြစ်စေသော နိုင်ငံရေးပဋိပက္ခအပါအဝင် ပြဿနာများစွာသည် ထိုင်းပို့ကုန်ကဏ္ဍတွင် ကြုံတွေ့နေရဆဲဖြစ်ကြောင်း၊ ပို့ကုန်လုပ်ငန်းရှင်များကလည်း ပို့ကုန်တိုးမြှင့်ရန် လိုအပ်သောလုပ်ငန်းစဉ်များဆောင်ရွက်ရန် ဘဏ္ဍာငွေများ လျာထားနိုင်ရေးအတွက် အစိုးရသစ်တစ်ခု အမြန်ဖွဲ့စည်းရေးကို တောင်းဆိုနေကြကြောင်း ထိုင်းပို့ကုန်လုပ်ငန်းရှင်များကောင်စီ၏ဥက္ကဋ္ဌဖြစ်သူ Mr. Chaichan Chareonsuk က ပြောကြားခဲ့ပါသည်။

ကမ္ဘာလုံးဆိုင်ရာ အတိုးနှုန်းမြင့်တက်လာမှုနှင့် ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်တက်လာမှုတို့သည် ဈေးနှုန်းယှဉ်ပြိုင်နိုင်မှုတွင် အတားအဆီးဖြစ်စေနိုင်ပြီး ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည် စိုက်ပျိုးရေးထုတ်ကုန်များ၏ အထွက်နှုန်းအပေါ် သက်ရောက်မှုရှိကြောင်း၊ အစိုးရသစ်ဖွဲ့စည်း၍ ဒုတိယနှစ်ဝက်အတွင်း ပို့ကုန်တိုးမြှင့်ရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကုန်သွယ်မှုဆိုင်ရာ ဈေးကွက်သစ်များရှာဖွေရန်နှင့် စီးပွားရေးကိုမြှင့်တင်ပေးနိုင်မည့် FTA များကိုလည်း ညှိနှိုင်းကြရန်ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားပါသည်။

မြင့်တက်လာသော ထုတ်လုပ်မှုကုန်ကျစရိတ်များကိုကုစားရန် အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်း၍ မဟာဗျူဟာများချမှတ်ကာ စီမံခန့်ခွဲသွားရန် လိုအပ်ကြောင်း၊ အဓိက ပြိုင်ဘက်များအပါအဝင် ကုန်သွယ်မှုမိတ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုဆိုင်ရာ ညှိနှိုင်းရာတွင်လည်း သက်ရောက်မှုရှိနိုင်ကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်များကိုမြှင့်တင်ရန် ရင်းနှီးမြှုပ်နှံမှုများနှင့် ကုန်သွယ်မှုဆိုင်ရာ တိုင်းတာချက်အသစ်များကို လက်ခံကျင့်သုံးရန် လုပ်ငန်းစဉ်များကိုလည်း တိုးမြှင့်ရန်လိုကြောင်း အကြံပြုထားပါသည်။

ထို့အပြင် ထောက်ပံ့မှုကွင်းဆက်တစ်လျှောက် အထူးသဖြင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ငွေဖြစ်လွယ်မှုကိုလည်း တိုးမြှင့်ရန်လိုကြောင်း၊ ဈေးကွက်လိုအပ်ချက်အလိုက် လုပ်သားများ၏ကျွမ်းကျင်မှုနှင့် လုပ်ရည်ကိုင်ရည်ရှိရန်ဖြစ်ကြောင်း၊ ကုန်ကျစရိတ်သက်သာစေမည့် နိုင်ငံတကာအဆင့်မီ ပို့ဆောင်ရေးပုံစံသစ်များ ရှာဖွေရန်လိုကြောင်း၊ ကုန်သွယ်မှုတွင် ထောက်ပံ့ပို့ဆောင်ရေးကိုလည်း မြှင့်တင်ရန်ဖြစ်ကြောင်း ဖြည့်စွက်အကြံပြုထားပါသည်။

ပထမနှစ်ဝက်အတွင်း ပို့ကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၄၁ ဘီလီယံ၊ သွင်းကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၄၇ ဘီလီယံနှင့်ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၆.၃ ဘီလီယံဖြစ်ကြောင်း၊ ပို့ကုန်တိုးတက်မှုမှာ(-) ၀.၅ ရာခိုင်နှုန်းမှ ၁ ရာခိုင်နှုန်း ခန့်မှန်းထားကြောင်း သိရှိရပါသည်။

**Source: www.bangkokpost. gov**

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_100820231122

## ရက်ပိုင်းအတွင်း ထိုင်းဘတ်ဈေး တဟုန်ထိုးမြင့်တက်ကာ ထိုင်းငွေ (၁) ဘတ်လျှင် မြန်မာကျပ်ငွေ (၁၀၀)အထိရောက်လာ

ထိုင်း-မြန်မာ ကုန်သွယ်ရေး၏ အဓိကလမ်းကြောင်းဖြစ်သည့် မြဝတီလမ်းကြောင်းမှ ကုန်စည်ပို့ဆောင်မှု ရပ်ဆိုင်းလု ဖြစ်နေချိန်တွင် ထိုင်းဘတ်ငွေဈေးနှုန်း တဟုန်ထိုးမြင့်တက်လာပြီး ထိုင်းငွေတစ်ဘတ်လျှင် မြန်မာငွေ (၁၀၀) ကျပ်ကျော်အထိ မြင့်တက်သွားကြောင်း မြဝတီနယ်စပ်ငွေကြေးဈေးကွက်အတွင်းမှ သိရသည်။

ပြီးခဲ့သည့်ရက်ပိုင်းက မြဝတီနယ်စပ်ကုန်သွယ်ရေး၏ အဓိကလမ်းကြောင်းဖြစ်သည့် အာရှလမ်းသစ်တွင် လမ်းပြိုကျကာ ထိုင်း-မြန်မာ ကုန်သွယ်ရေးလမ်းကြောင်း ရပ်ဆိုင်းနေခြင်းလည်းဖြစ်သည်။ ယနေ့ ဩဂုတ်လ (၁၀) ရက် ညနေပိုင်း ထိုင်း-မြန်မာ ငွေလဲဈေးကွက်အတွင်း မြန်မာငွေ ကျပ် (၁)သိန်းလျှင် ထိုင်းဘတ်ငွေ (၉၉၅) ဘတ်သို့ မြင့်တက်လာပြီး ယင်းဈေးနှုန်းအရ တွက်ချက်မည်ဆိုပါက ထိုင်းတစ်ဘတ်လျှင် မြန်မာငွေ (၁၀၀.၅၀) ကျပ်ဖြစ်ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်း ဈေးကွက်ဖွင့်ချိန်အထိ မြန်မာငွေ ကျပ် (၁) သိန်းလျှင် ထိုင်းငွေ (၁၀၃၀) ဘတ်ဖြင့် ထိုင်းငွေ တစ်ဘတ်လျှင် မြန်မာငွေ (၉၇) ကျပ်ကျော် ဈေးပေါက်နေရာမှ ညနေပိုင်းတွင် (၉၉၅) ဘတ်အထိ မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်းလည်း မြဝတီငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။ "ဘတ်တွေ ဈေးတအားတက်နေတယ်။ ခုညနေပိုင်းမှာ ၁၀၀ ကျော်သွားပြီ။ တစ်သိန်းကို (၉၉၅) ဘတ်ပေါ့။ ငွေဈေးကို သေချာနားထောင်ပြီးမှ အလုပ်လုပ်စေချင်ပါတယ်" ဟု မြဝတီမြို့မှ ငွေလဲကောင်တာ တစ်ခုမှ တာဝန်ရှိသူကပြောသည်။

မြဝတီ-ကော့ကရိတ် အာရှလမ်းသစ်၏ ဒေါနတောင်တက်လမ်းပိုင်း ပြိုကျခဲ့သည့် ဩဂုတ်လ (၇) ရက်အထိ မြန်မာငွေ ကျပ် (၁) သိန်းလျှင် ထိုင်းငွေ (၁၀၅၀) ဘတ်ရှိခဲ့ပြီး အဆိုပါဈေးနှုန်းအရ တွက်ချက်မည်ဆိုပါက ထိုင်းငွေတစ်ဘတ်လျှင် မြန်မာငွေ (၉၅) ကျပ်ဖြစ်ကြောင်း သိရသည်။

ထိုင်း-မြန်မာ ကုန်သွယ်ရေးကဏ္ဍတွင် ပို့ကုန်/သွင်းကုန် လိုင်စင်ရရှိထားပြီးသူများအနေဖြင့် မိမိတို့၏ ကုန်ပစ္စည်းများကို အခြား ထိုင်း-မြန်မာ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများနှင့် ပင်လယ်ရေကြောင်းမှတဆင့် ပို့ဆောင်သယ်ယူနိုင်ကြောင်း မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ ယမန်နေ့ ဩဂုတ်လ (၉) ရက်တွင် အသိပေးထုတ်ပြန်ထားသည်။

ယခုရက်ပိုင်းအတွင်း ပြည်တွင်း နိုင်ငံခြားငွေဈေးကွက်တွင် အမေရိကန်ဒေါ်လာဈေးနှုန်းလည်း ဆက်တိုက် မြင့်တက်လာပြီး ယနေ့ ဩဂုတ်လ (၁၀) ရက် နံနက်ပိုင်း ရန်ကုန်ငွေလဲဈေးကွက်တွင် အမေရိကန် (၁) ဒေါ်လာ မြန်မာငွေ (၃၅၀၀) ကျပ်အထိ မြင့်တက်ခဲ့ကြောင်း စုံစမ်းသိရသည်။

**Source:** https://www.popularmyanmar.com/?p=124462

## စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဘီလီယံကျော်ရရှိထား

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ဖြစ်သည့် ဧပြီလမှ ဇူလိုင်လအထိ (၄) လတာအတွင်း ပြည်ပနိုင်ငံများသို့ စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဘီလီယံကျော်ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကဖော်ပြထားသည့် ကုန်သွယ်မှုစာရင်းများအရ သိရသည်။

ပြည်ပသို့ စက်မှုကုန်ချောတင်ပို့ရာတွင် ကဏ္ဍအလိုက် တင်ပို့မှုအနေဖြင့် နိုင်ငံပိုင်ကဏ္ဍအနေဖြင့် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၁၁၀၀ ကျော်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၁၉၀၀ ကျော်ရရှိပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၃၀၀၀ ကျော် ရရှိထားကြောင်းသိရသည်။ အလားတူ ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူတွင် စက်မှု ကုန်ချောပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၃၇၀၀ ကျော် ရရှိခဲ့ပြီး ယခုဘဏ္ဍာနှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကျော် လျော့နည်းခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့လျက်ရှိသည့် စက်မှုကုန်ချောပစ္စည်းများမှာ CMP ချုပ်ပြီး အထည်တင်ပို့မှုသည် အများဆုံး ဖြစ်ပြီး သကြား၊ လက်ဝတ်ရတနာနှင့်သဘာဝဓာတ်ငွေ့ တင်ပို့မှုများလည်းပါဝင်ကြောင်း သိရသည်။ အလားတူ မြန်မာနိုင်ငံ အနေဖြင့် ပြည်ပမှ အဓိကသွင်းလျက်ရှိသည့် သွင်းကုန်များမှာ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်ကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=124393

## ဒေါ်လာဈေးနှုန်း မြင့်တက်မှုကြောင့် ရွှေဈေးပါ (၃၇) သိန်းကျော်အထိ လိုက်လံမြင့်တက်လာ

ဒေါ်လာဈေးနှုန်း မြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေးနှုန်းပါ လိုက်လံမြင့်တက်လာပြီး ယနေ့ ဩဂုတ်လ (၁၀)ရက် ဈေးကွက်ဖွင့်ချိန်တွင် အခေါက်ရွှေတစ်ကျပ်သား (၃၇) သိန်းဝန်းကျင်အထိ မြင့်တက်လာကြောင်း သိရသည်။

ယနေ့ နံနက်ပိုင်း ဈေးကွက်အတွင်းဖြစ်ပေါ်နေသည့် နိုင်ငံခြားငွေလဲနှုန်းမှာ အမေရိကန်တစ်ဒေါ်လာ ၃၅၀၀ ကျပ်ဝန်းကျင် အထိ ဈေးပေါက်နေပြီး ဈေးဆက်တက်မည့် အလားအလာရှိနေကြောင်း နိုင်ငံခြားငွေဈေးကွက်အတွင်းမှ သိရသည်။ “ဒေါ်လာဈေး တက်လာတာရယ်၊ UOB ဘဏ်ကိစ္စဆိုတာရယ်ကြောင့် ရွှေဈေးကတက်လာတာ။ ပြီးတော့ နိုင်ငံခြားကနေ အလုပ်သမားတွေ ငွေလွှဲတာ သင်္ဘောသားတွေက ငွေလွှဲတာတွေရှိတယ်။ ဘဏ်တွေကနေ သတ်မှတ်ပေါက်ဈေးထက် ပိုပေးပြီးဝယ်ကြတော့ ဒေါ်လာကဈေးတက်လာတာဖြစ်ပါတယ်။ ပြီးတော့ မိုးတွင်းဆိုတော့ ရွှေကုန်ကြမ်းတွေက အဝင်နည်းတယ်။ လိုသလောက်မရဘူး အဲဒါတွေကြောင့်လည်းပါတယ်”ဟု ရန်ကုန်အခြေစိုက် ရွှေလုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။

ဩဂုတ်လ (၈) ရက်အထိ ပြင်ပဈေးကွက်အတွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ၃၅၄၀၀၀၀ နှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ တစ်ဒေါ်လာလျှင် ၃၄၀၀ ဝန်းကျင်ဖြင့် ဈေးငြိမ်နေရာမှ ပြန်လည်မြင့်တက်လာခြင်းဖြစ်သည်။ “ရွှေဈေးတတ်တာကတော့ အပြင်မှာအမျိုးမျိုးပြောနေကြတာပဲ။ တချို့ကကျတော့ ဒေါ်လာဈေးတက်လို့ တက်တယ်ပြောတယ်။ တချို့ကျတော့ ၂၀၀၀ တန်ကိစ္စရော စင်ကာပူဘဏ်က ပိတ်လိုက်တယ်ဆိုတာကြောင့်ရော အမျိုးမျိုးပေါ့။ သိတဲ့အတိုင်းပဲ အပြင်မှာလည်း ကောလာဟလကအမျိုးမျိုးတွေ ပြောနေကြတာ။ အရောင်းအဝယ်ကတော့အေးပါတယ်” ဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းက ဥက္ကဋ္ဌ ဦးမျိုးမြင့်က ပေါ်ပြူလာနယူးစ်သို့ပြောသည်။

ကမ္ဘာ့ရွှေဈေးမှာ ယခုရက်ပိုင်းအတွင်း တရိပ်ရိပ်ကျဆင်းနေသော်လည်း ပြည်တွင်းရွှေဈေးကွက်၌မူ ဒေါ်လာလဲလှယ်နှုန်း မြင့်တက်နေမှုနှင့် ဈေးကစားရန်ကြိုးစားမှုများရှိနေခြင်းကြောင့် ရွှေဈေးနှုန်းတည်ငြိမ်မှုမရှိဘဲ ဖြစ်နေခြင်းဖြစ်ကြောင်း သုံးသပ်မှုများလည်းရှိနေသည်။ သို့သော်လည်း ကားဈေးကျလာနေကြောင်းလည်း ကြားသိရသည်။

ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁၉၁၈ ဒေါ်လာအထိ ကျဆင်းလာပြီး ရန်ကုန်ရွှေအသင်း၏ ရည်ညွှန်းဈေးနှုန်းမှာ ၂၂ သိန်းအထက်တွင်ရှိနေဆဲဖြစ်သည်။

အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်း မြင့်တက်နေမှုနှင့်အတူ အခြားနိုင်ငံခြားငွေလဲနှုန်းများလည်း မြင့်တက်လျက်ရှိကာ ဩဂုတ် (၁၀) ရက်ငွေလဲနှုန်းမှာ ထိုင်းတစ်ဘတ်လျှင် ၉၉.၅၀ ကျပ်၊ တရုတ်ယွမ်ငွေတစ်ယွမ်လျှင် ၄၇၄ ကျပ်၊ မလေးရှားရင်းဂစ် တစ်ရင်းဂစ်လျှင် ၇၆၅ ကျပ်နှင့် ဂျပန်တစ်ယန်းလျှင် ၂၄.၃၇ ကျပ်တို့ အသီးသီးရှိနေကြောင်း ပြင်ပငွေလဲလှယ်ရေးဈေးကွက်မှ သိရသည်။

**Source:** https://www.popularmyanmar.com/?p=124377

## ဧရာဝတီတိုင်းမှာ အုန်းသီး ဧက ၄၅၀ တိုးချဲ့စိုက်ပျိုးနေ




ဧရာဝတီတိုင်းအတွင်း အသုံးပြုမရတဲ့ ရေနက်ကွင်းတွေကို စက်ကိရိယာတွေ အသုံးပြုကာ စိုက်ပျိုးမြေဧရိယာတွေဖော်ထုတ်ပြီး အုန်းသီးဧက ၄၅၀ အထိ တိုးချဲ့ စိုက်ပျိုးတာတွေရှိနေကြောင်း သိရပါတယ်။

အဆိုပါ ရေနက်ကွင်းတွေမှာ အုန်းချိုမွှေးအမျိုးအစား အုန်းသီးတွေကို ပြည်တွင်းပြည်ပဈေးကွက်အတွက် ရည်ရွယ်စိုက်ပျိုးနေပြီး အုန်းသီးတန်ဖိုးကွင်းဆက်တစ်လျှောက် မြင့်တင်ရေးစီမံကိန်းအနေနဲ့ ၁နှစ်ကြာစီမံကိန်းထားကာ ကုန်သွယ်မှုမြှင့်ရေးအဖွဲ့နဲ့ ဧရာဝတီတိုင်းအစိုးရတို့ ပူးပေါင်းလုပ်ဆောင်တဲ့ အုန်းသီးစိုက်ပျိုးရေးစီမံကိန်းတစ်ခု ဖြစ်တယ်လို့ ဆိုပါတယ်။

အုန်းချိုမွှေးစိုက်ပျိုးတဲ့ စီမံကိန်းကို လက်ရှိမှာ ဧရာဝတီတိုင်း မအူပင်ခရိုင်မှာ အများဆုံးလုပ်ဆောင်တာဖြစ်ပြီး အဲ့ဒီ စီမံကိန်းမှာ အုန်းသီးကိုသဘာဝအတိုင်း စားသုံးနိုင်ဖို့အပြင် တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ဖို့အထိ မျှော်မှန်းချက်တွေပါဝင်ကြောင်း သိရပါတယ်။

ရောဝတီတိုင်းဟာ မြန်မာမှာ အုန်းပင်စိုက်ပျိုးမှုအများဆုံး ဒေသတစ်ခုဖြစ်ပြီး လက်ရှိမှာ အုန်းပင်စိုက်ဧက ၆ သောင်းကျော် ရှိနေတယ်လို့ဆိုပါတယ်။

မြန်မာတစ်နိုင်ငံလုံးအနေနဲ့ကတော့ လက်ရှိတိုးချဲ့စိုက်ပျိုးတဲ့ အုန်းပင်များမပါဝင်ပဲ ယခင်စိုက်ပျိုးထုတ်လုပ်မှုကနေ နှစ်စဉ် အုန်းသီးအလုံးရေ ၄၀၀၀ကျော်ထွက်ရှိပြီး အဲ့ဒီထဲက ၈၀ ရာခိုင်နှုန်းခန့်ကို ပြည်တွင်းစားသုံးမှုအနေနဲ့ထားရှိပြီး ပြည်ပကို ၂၀ ရာခိုင်နှုန်းခန့် တင်ပို့မှုရှိကြောင်း သိရပါတယ်။

**MyanmaPlatform မှကူးယူဖော်ပြပါသည်။**

https://t.me/htwettoe

## STOCK EXCHANGE (11.8.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 11th Aug. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,366 (Shares) | 22,504,850 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +100 | +1.12% | 9,000 | 9,000 | 8,900 | 276 | 2,476,800 | 33,109,694 | 297,987 |
| MTSH | 00002 | 3,100 | +100 | +3.33% | 3,000 | 3,100 | 3,000 | 1,338 | 4,066,000 | 38,929,150 | 120,680 |
| MCB | 00003 | 8,000 | +400 | +5.26% | 7,600 | 8,000 | 7,600 | 241 | 1,926,800 | 10,400,986 | 83,208 |
| FPB | 00004 | 1,650 | +0 | +0.00% | 1,600 | 1,650 | 1,600 | 2,993 | 4,935,450 | 29,664,613 | 48,947 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 3 | 7,350 | 12,823,224 | 31,417 |
| EFR | 00006 | 2,350 | +50 | +2.17% | 2,300 | 2,350 | 2,300 | 453 | 1,061,550 | 19,977,223 | 46,947 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 101 | 505,000 | 10,497,598 | 52,488 |
| MAEX | 00008 | 1,900 | +0 | +0.00% | 1,900 | 1,900 | 1,900 | 3,961 | 7,525,900 | 23,804,946 | 45,229 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 11th Aug. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 385.38 | +6.55 | +1.73% | 380.58 | 385.38 | 379.86 | 9,366 | 22,504,850 | 8 | 726,903 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 11th Aug, 2023

| Trading Volume | Trading Value |
| --- | --- |
| 9,366 (Shares) | 22,504,850 (MMK) |

## Main Board

As of 1:00 pm, 11th Aug, 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
| --- | --- |
| 9,366 (Shares) | 22,504,850 (MMK) |

| MYANPIX | 385.38 ▲ 6.55 |
| --- | --- |
| Total Volume (shares) | 9,366 |
| Total Value (MMK) | 23 mil |
| Listed Company | 8 |
| Market Cap. (MMK) | 726,903 mil |

| Name | Code | Price | Change |
| --- | --- | --- | --- |
| FMI | 00001 | 9,000 | ▲ 100 |
| MTSH | 00002 | 3,100 | ▲ 100 |
| MCB | 00003 | 8,000 | ▲ 400 |
| FPB | 00004 | 1,650 | ▲ 0 |
| TMH | 00005 | 2,450 | ▲ 0 |
| EFR | 00006 | 2,350 | ▲ 50 |
| AMATA | 00007 | 5,000 | ▲ 0 |
| MAEX | 00008 | 1,900 | ▲ 0 |

TIR